အကြို-မူလတန်း

Public education
**Discover a world of opportunities**

# စာဖတ်ခြင်း - အိမ်တွင် လေ့လာသင်ယူခြင်း

## ပိုမိုသော စာဖတ်ရန် အကြံဉာဏ်များ

### အတူတကွ ဖတ်ပါ

သင် သင့်ကလေးနှင့်အတူ စာဖတ်နေသည့်အခါ -

- သူတို့အား ရုပ်ပုံကို ကြည့်ခိုင်းပြီး ပုံဇာတ်လမ်း အကြောင်း ဘာဖြစ်နိုင်သည်ကို အကြံဉာဏ် ရစေခိုင်းပါ
- ပုံဇာတ်လမ်းနှင့်ရုပ်ပုံများတွင် ဘာဖြစ်နေသည် ဆိုသည့်အကြောင်းကို ပြောဆိုပါ
- ပုံဇာတ်လမ်းတွင် အဓိကကျသော စကားလုံးများကို ထောက်ပြပြီး သူတို့မသိသော စကားလုံးများကို ရှင်းပြပါ
- ပုံဇာတ်လမ်း တစ်ခုလုံးရှိ ထပ်ခါတလည်ပါရှိနေသော ကာရံတူစကားလုံးများ သို့မဟုတ် စကားစုများကို လိုက်ဆိုလိုက်လုပ်ရန် အားပေးတိုက်တွန်းပါ
- ရပ်လိုက်ပြီး မေးပါ - *နောက်ထပ် ဘာဖြစ်မည် ထင်သလဲ၊* နှင့် *ဘာလို့ အဲဒီလို ထင်သလဲ။* - သူတို့၏ အဖြေများကို လက်ခံပါ၊ သူတို့ မမှန်သေးသည့် တိုင်အောင် လက်ခံပါ။
- စာအုပ်ရှိ အခင်းဖြစ်ရပ်များနှင့် သရုပ်ဆောင်များ အကြောင်း သူတို့အား မေးမြန်းပါ
- သင် ဖတ်ရှု၍ပြီးသွားသည့်အခါ ပုံဇာတ်လမ်း အကြောင်းကို ပြန်ပြောပါ သို့မဟုတ် သူတို့အား သူတို့၏ စကားလုံးများဖြင့် ပုံဇာတ်လမ်းကို ပြန်ပြောခိုင်းပါ - ၎င်းသည်သူတို့အား ပုံဇာတ်လမ်း၏ အစ၊ အလယ်နှင့် အဆုံးကို သိအောင် အထောက်အကူပေးသည်။
- ပုံဇာတ်လမ်း၏ ဇာတ်ကွက်ကို အနောက်အယှက်ပေး သည့်တိုင်အောင် သူတို့၏ မေးခွန်းများကို ဖြေပါ - သူတို့၏ အကြံဉာဏ်ကို သင် မေးခဲ့ကြောင်း သတိပြုပါ။

**သင့်ကလေးအား သူတို့ စာဖတ်ရန်လေ့လာသင်ယူနေစဉ် များစွာသော ချီးမြှောက်မှုကို ပေးရန် အမှန်တကယ် အရေးကြီး ပါသည်။ သူတို့ စာအုပ်တစ်အုပ်ကို ဖတ်ရန်ကြိုးစားသည့်အခါ ချီးမွမ်းပါ။ ဝေဖန်ရန် သင့် အတွက် ဘာမှမဟုတ်သည့် တိုင်အောင် သူတို့ တစ်ခုခု မှားယွင်းသည့်အခါ မဝေဖန်ပါနှင့်။ ကလေး အချို့သည် လေ့ကျင့်မှု အမြောက်အမြားနှင့် အားပေးမှု အမြောက်အမြား လိုအပ်သည်။**

**ဖတ်စရာ အရာများ အမြောက်အမြား ရှိပါသည်၊ သံစုံတေးသီချင်းများ၊ ပုံပြောစာအုပ်များ၊ တကယ့်အဖြစ်အပျက် စာအုပ်များ၊ ဒိုင်နိုဆောနှင့် အိမ်မွေးတိရစ္ဆာန်အကြောင်း စာအုပ်များ၊ သင်တို့အတူတူရေးသည့်စာအုပ်များ၊ ပျော်စရာ ကောင်းသည့် ပုံပြောစာအုပ်များနှင့်ကဗျာများ၊ ဟာသစာအုပ်များ၊ ဝက်ဘ်ဆိုက်များနှင့် စီဒီထဲထည့်ထားသည့် စာအုပ်များ၊ ကာတွန်းစာအုပ်များ၊ သတင်းစာများ၊ ကက်သလောက်နှင့်မဂ္ဂဇင်းများ၊ ချက်နည်းပြုတ်နည်းစာအုပ်များ၊ လမ်းပြမြေပုံများ နှင့် အဘိဓာန်များ တို့အပါအဝင် ဖြစ်ပါသည်။**

### စာဖတ်ခြင်း နည်းဗျူဟာများ

- သင့် ကလေး သူတို့မသိသည့် စကားလုံးတစ်ခုကို ကြုံတွေ့သည့်အခါ စကားလုံး၏ အက္ခရာစာလုံးများ ကိုကြည့်ရန်နှင့် စာလုံးအားလုံး သို့မဟုတ် တစ်စိတ် တစ်ပိုင်းကို အသံထွက်ခိုင်းရန်တိုက်တွန်းပါ - ၎င်းကို လုပ်ရန် သူတို့အား အချိန်ပေးပါ။
- အကယ်၍ သင့်ကလေးက စကားလုံးကို သိသည်ဟု သင် ထင်မြင်လျှင် သူတို့ကို စာကြောင်းအစပိုင်းသို့ ပြန်သွားခိုင်းပြီး နောက်တစ်ခါ ကြိုးစားခိုင်းပါ။ တစ်ခါတစ်ရံ ၎င်းသည် ပုံဇာတ်လမ်းတစ်ခုလုံးကို နားထောင်ခြင်းအားဖြင့် ဘာစကားလုံးဖြစ်ကြောင်း အကြံဉာဏ်ပေးရန် အထောက်အကူပြုသည်။
- သင့်ကလေး စကားလုံးကို သိသည်ဟု သင် မထင်မြင်လျှင် ပြောပြပြီးနောက် ဆက်ဖတ်ရန် သူတို့အား တိုက်တွန်းပါ။
- ပုံဇာတ်လမ်းအဆုံး၌ သင့်ကလေး မသိသည့် စကားလုံးသို့ပြန်သွားပြီး ဘာဖြစ်ကြောင်း သူတို့သိလာအောင် အထောက်အကူပြုပါ။

**အိမ်တွင် စာဖတ်ခြင်းကို ပျော်ရွှင်နှစ်သက်သည့် ကလေးများသည် ကျောင်း၌ အစပျိုးချိန်စာဖတ်ခြင်း လုပ်ရပ်များတွင် အောင်မြင်ရန် ပိုမို၍ အလားအလာရှိသည်။**

Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015